# ထိုင်းနိုင်ငံရှိ တက္ကသိုလ်/ကောလိပ်များတွင် ခွင့်ပြုချက်ဖြင့် ပညာသင်ကြားလျက်ရှိကြသော ပညာသင် ( Scholars) များသိရှိလိုက်နာဆောင်ရွက်ရန်ကိစ္စရပ်များ

## ပညာသင်ရောက်ရှိကြောင်း သတင်းပို့ခြင်း

- ပညာသင်များအနေဖြင့် **သံအမတ်ကြီး၊ မြန်မာသံရုံး၊ ဗန်ကောက်မြို့သို့ လိပ်မူ၍** အမည်၊ ရာထူး၊ ဌာန၊ ဝန်ကြီးဌာန ထိုင်းနိုင်ငံသို့ရောက်ရှိသည့်ရက်၊ ပညာသင်ကြားမည့်တက္ကသိုလ် / ကောလိပ်အမည်၊ သင်ကြားမည့်ဘာသာရပ်၊ ပညာသင်ကြားမည့်ကာလ၊ ဆက်သွယ်ရန် လိပ်စာအပြည့် အစုံ(Mobile phone, e-mail) စသည်တို့ ပြည့်စုံစွာဖော်ပြသည့် ကိုယ်ရေးလျှောက်လွှာ ၊ ဖြည့်စွက်ထားသည့်ကိုယ်ရေးရာဇဝင်(ဓါတ်ပုံကပ်လျက်)(၁)စောင်၊ D/O မိတ္တူ(၁)စောင်၊ နိုင်ငံကူးလက်မှတ်မိတ္တူ(ဓါတ်ပုံပါစာမျက်နှာ) (၁)စောင်၊ တက်ရောက်မည့် တက္ကသိုလ်/ ကောလိပ်မှ ( acceptance Letter) သို့မဟုတ် တက်ရောက်လျက်ရှိကြောင်း ထောက်ခံစာများကို ထိုင်းနိုင်ငံသို့ရောက်ရှိပြီး (၁)ပတ်အတွင်း ကိုယ်တိုင် (သို့မဟုတ်) စာတိုက်မှ တစ်ဆင့် မြန်မာသံရုံး၊ ဗန်ကောက်မြို့သို့ ပေးကြပို့ရန်၊

ပညာသင်များအနေဖြင့် အောက်ဖော်ပြပါ ကိစ္စရပ်များဆောင်ရွက်ရာတွင် **သံအမတ်ကြီး၊ မြန်မာသံရုံး၊ ဗန်ကောက်မြို့မှတစ်ဆင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများသို့ တင်ပြလျှောက်ထားရမည်ဖြစ်ပါသည်-**

## (၃) လပတ်အစီရင်ခံစာပေးပို့ခြင်း

- ပညာသင်ကြားမှုအခြေအနေနှင့်ပတ်သက်၍ တိုးတက်မှုအခြေအနေ (၃)လပတ်အစီရင်ခံစာကို အစီရင်ခံသည့် ကာလအား တိကျစွာဖော်ပြလျက် ပုံမှန်ပေးပို့ရန် ၊ ( ၃)စုံပေးပို့ရန် ၊

## ပညာသင်ကာလသက်တမ်းတိုးမြှင့်ရန်လျှောက်ထားခြင်း

- ပညာသင်ကာလ တိုးမြှင့်ရန်အမှန်တကယ်လိုအပ်ကြောင်း သက်ဆိုင်ရာ တက္ကသိုလ်/ ကောလိပ်/ကျောင်းမှ ပါမောက္ခ၏ထောက်ခံစာ၊ ပညာသင် ထောက်ပံ့ကြေးရရှိခြင်းရှိ/မရှိ ဖော်ပြလျက် ပညာသင်ကိုယ်တိုင် အကျိုးအကြောင်းပြည့်စုံစွာဖော်ပြလျက် ပညာသင် ကာလမကုန်ဆုံးမီ (၃)လကြိုတင်၍ လျှောက်ထားရန်၊

မြန်မာနိုင်ငံကူးလက်မှတ်တွင် နိုင်ငံတိုးဖြည့်စွက်ရန် လျှောက်ထားခြင်း

- ကိုယ်တိုင်ရေးလျှောက်လွှာ၊ ဆွေးနွေးပွဲသို့ တက်ရောက်ရန် ထောက်ပံ့မည့်အဖွဲ့အစည်း (သို့မဟုတ်) မိမိစရိတ်ကို တစ်ပါတည်းဖော်ပြရန်၊ (စာတမ်းဖတ်ပွဲ/ဆွေးနွေးပွဲ မတိုင်မီ (၃)လ ကြိုတင် လျှောက်ထားရန်)
- တက်ရောက်နေသည့် တက္ကသိုလ်၊ ကျောင်း၊ သင်တန်းမှ သက်ဆိုင်ရာ ပါမောက္ခ၏ ထောက်ခံစာ
- စာတမ်းဖတ်ပွဲ၊ ဆွေးနွေးပွဲ ပြုလုပ်သည့် အဖွဲ့အစည်းဘက်မှ ဖိတ်ကြားစာ

**နိုင်ငံကူးလက်မှတ်သက်တမ်းတိုးခြင်း**

- ကိုယ်တိုင်ရေးလျှောက်လွှာ (သက်တမ်းမကုန်မီ (၂) လ ကြိုတင်လျှောက်ထားရန်)
- တက်ရောက်နေသည့် တက္ကသိုလ်၊ ကျောင်း၊ သင်တန်းမှ သက်ဆိုင်ရာ ပါမောက္ခ၏ ထောက်ခံစာ
- ကိုယ်ရေးမှတ်တမ်း + ဓါတ်ပုံ (၁) ပုံ
- နိုင်ငံကူးလက်မှတ်မိတ္တူ

**နိုင်ငံကူးလက်မှတ်အသစ်ပြုလုပ်ခြင်း**

- ကိုယ်တိုင်ရေးလျှောက်လွှာ (သက်တမ်းမကုန်မီ (၂) လ ကြိုတင်လျှောက်ထားရန်)
- တက်ရောက်နေသည့် တက္ကသိုလ်၊ ကျောင်း၊ သင်တန်းမှ သက်ဆိုင်ရာ ပါမောက္ခ၏ ထောက်ခံစာ
- နိုင်ငံကူးလက်မှတ်အဟောင်းမိတ္တူ
- ကိုယ်ရေးမှတ်တမ်း
- ဓါတ်ပုံ 35 x 45 mm (Soft Copy -CD )
- စာရွက်ဖြူပေါ်တွင် ရှင်းလင်းပြတ်သားစွာရေးထိုးထားသော လက်မှတ် (Soft Copy - CD )

**သုတေသနအချက်အလက်များကောက်ယူရန် မြန်မာနိုင်ငံသို့ ခေတ္တပြန်ခွင့် လျှောက်ထားခြင်း**

- ကိုယ်တိုင်ရေးလျှောက်လွှာ (မြန်မာနိုင်ငံသို့မသွားမီ (၂)လ ကြိုတင် လျှောက်ထားရန်)
- တက်ရောက်နေသည့် တက္ကသိုလ်၊ ကျောင်း၊ သင်တန်းမှ သက်ဆိုင်ရာ ပါမောက္ခ၏ ထောက်ခံစာ

**တက္ကသိုလ်/ တည်းခိုနေထိုင်သည့် လိပ်စာပြောင်းရွှေ့ခြင်း**

- မိမိတက်ရောက်နေသည့် တက္ကသိုလ်/ ကောလိပ်နှင့် နေထိုင်ရာ အဆောင်လိပ်စာ ပြောင်းလဲမှုရှိတိုင်း မြန်မာသံရုံးသို့ ဆက်သွယ်၍ သတင်းပို့ အကြောင်းကြားရန်

## ပညာသင်ကာလပြီးဆုံးခြင်း

- ပညာသင်များအနေဖြင့် ပညာသင်ကာလပြီးဆုံး၍ဖြစ်စေ၊ အခြားအကြောင်းအမျိုးမျိုးကြောင့် ထိုင်းနိုင်ငံမှ ပြန်လည်ထွက်ခွာရမည်ဆိုပါက ထွက်ခွာမည့်နေ့ရက်၊ လေယာဥ်ပျံသန်းအမှတ်၊ ခရီးစဥ်တို့ကို သတင်းပို့အစီရင်ခံရန်၊

## စုံစမ်းမေးမြန်းခြင်း

- ထိုင်းနိုင်ငံရှိ တက္ကသိုလ်/ကောလိပ်/ကျောင်းများအသီးသီးတွင် ပညာသင်ကြားလျက်ရှိကြသော မြန်မာနိုင်ငံမှ ပညာသင်ကျောင်းသားများအနေဖြင့် သိရှိလိုသည်များရှိပါက ဆက်သွယ်ရန် e-mail လိပ်စာ မှာ bkkeducation7@gmail.com ၊ တယ်လီဖက်စ်အမှတ်၊ 02 233 7250, တို့ဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

မြန်မာသံရုံး
ဗန်ကောက်မြို့
ထိုင်းနိုင်ငံ